


**VOLUME XI, ISSUE 8** — **8 December 2021**


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) သင်တန်းဆင်းပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး | ၈ |
| ၃ | ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁၁ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၂ |
| ၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် | ၁၅ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၌ ဆေးရုံသုံးဆေးပစ္စည်းများ ထုတ်ယူရန် ဆေးရုံဝန်ထမ်းများလိုက်ပါထွက်ခွာလာသည့်မော်တော်ယာဉ်အား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက် | ၁၅ |
| ၈ | ချမ်းမြသာစည်မြို့နယ်အတွင်း အကြမ်းဖက်သူများက လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်မှုကြောင့် အသက် ၅ နှစ်အရွယ် အပြစ်မဲ့မိန်းကလေးငယ် ၁ ဦး သေဆုံး | ၁၆ |
| ၉ | ရပ်ရွာအေးချမ်းသာယာရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရဲကင်းစခန်းများအား အကြမ်းဖက်သူများက လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် | ၁၇ |


# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) သင်တန်းဆင်းပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်



ဒီဇင်ဘာလ ၇ ရက်တွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များမှာ-

- သင်တန်းဆင်းဗိုလ်လောင်းများအား အမိစစ်တက္ကသိုလ်မှ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် ပြန်တမ်းဝင်အရာရှိ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း။
- နိုင်ငံတော်၏ ကြီးလေးသော ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည့်သူများဖြစ်သဖြင့် မိမိတို့၏တာဝန်နှင့် လုပ်ငန်းအပေါ် ဂုဏ်ယူတတ်ကြရန် လိုအပ်သကဲ့သို့ ပေးအပ်လာမည့် ရည်မှန်းချက်တာဝန်များကို ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးနှင့် ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။
- စစ်တက္ကသိုလ်သည် ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်သန္ဓေတည်ခဲ့ပြီး အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် တန်ဖိုးထားရသည့် “နောင်တစ်ခေတ်၏အောင်စစ်သည်” များကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ သင်တန်းအမှတ်စဉ်(၆၃)ခုထိ ရှိခဲ့ပြီးဖြစ်ကြောင်း၊
- နိုင်ငံတော်ကိုကာကွယ်ရန်အတွက် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဖြင့် မိမိသဘောဆန္ဒအလျောက် တပ်မတော်ကိုဝင်ရောက်လာခဲ့သူများဖြစ်သဖြင့် စစ်တက္ကသိုလ်၏ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားထားရသည့် သူရဲ သတ္တိနှင့်ပြည့်စုံပြီး အမှားအမှန်၊ အဆိုးအကောင်းကို ပိုင်းခြားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်ကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း။
- ခေါင်းဆောင်လုပ်သူများသည် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန်၊ တွေးခေါ်မြော်မြင်နိုင်ရန်အတွက် မသိမဖြစ်ဗဟုသုတများ ကြွယ်ဝရန်လိုအပ်သဖြင့် အမြဲတစေ စာပေဖတ်ရှုလေ့လာရန်လိုကြောင်း။
- ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် စစ်လက်နက်ပစ္စည်း၊ စစ်အသုံးအဆောင်ပစ္စည်း၊ စစ်နည်းဗျူဟာများနှင့်




စစ်မှုနည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်ရန် အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် လေ့ကျင့်ရေးမူဝါဒအတိုင်း စဉ်ဆက်မပြတ်ကြိုးစားသွားကြရမည် ဖြစ်ပြီး စွမ်းရည်ပြည့်ဝသည့် စစ်သည်တော်ကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။


- မိမိတို့တပ်မတော်သားများသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးကို အလေးထားကြရန်လိုကြောင်း။
- တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက်အပြန်အလှန်လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ်မွေးမြူပြီး တပ်မတော်သားကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်သွားကြရန်လိုကြောင်း။
- တပ်မတော်၏ အစဉ်အလာကောင်းများကို စောင့်ထိန်းကြရမည့်သူများဖြစ်သဖြင့် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်တစ်ခုဖြစ်သကဲ့သို့ အသက်ဝိညာဉ်လည်းဖြစ်ကြောင်း။
- တပ်မတော်ကို စတင်ဝင်ရောက်စဉ် ပထမဆုံးသင်ကြားလေ့ကျင့်ပေးသည့် ဘာသာရပ်မှာ အခြေခံစစ်ရေးပြခြင်းဘာသာရပ်ဖြစ်ပြီး စစ်ရေးပြခြင်း၏ ရည်ရွယ်ချက်မှာ စစ်စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နှင့်တာဝန်ကို နာခံတတ်ခြင်းပင်ဖြစ်သဖြင့် တပ်မတော်သားတိုင်း၏အခြေခံသည် စစ်စည်းကမ်းက စတင်ခြင်းဖြစ်ကြောင်း။
- အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာနှင့် အစွန့်ရှည်ကြာစွာရပ်တည်နိုင်ရန်အတွက် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့်ဥပဒေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်မှုများရှိရမည်ဖြစ်ကြောင်း။
- တပ်မတော်အနေဖြင့်လည်း စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းက စည်းကမ်းနှင့် အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်သဖြင့် နိုင်ငံအတွက် အခိုင်မာဆုံး Institution ဖြစ်ကြောင်း။
- တာဝန်ထမ်းဆောင်ရာတွင် စည်းကမ်းနှင့်အမိန့်များအပြင် စစ်သည်တော်တိုင်း လိုက်နာကြရမည့်အပါး(၆၀)သောကျင့်ဝတ်များကို တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိမည့် ခေါင်းဆောင်များဖြစ်လာကြမည်ဖြစ်ကြောင်း။
- မိမိတို့တပ်မတော်သည် စစ်ဘက်ဥပဒေများသာမက နယ်ဘက်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာ စစ်ပွဲဆိုင်ရာဥပဒေများနှင့် ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement-ROE)ကိုလည်း တိကျစွာလိုက်နာကြရမှာဖြစ်ကြောင်း။





- မိမိတို့ကိုယ်တိုင် အသေးအဖွဲ့စည်းကမ်းများကအစ စံနမူနာပြဖြစ်စေရန် ကိုယ်တိုင်ကျင့်ကြံနေထိုင်ပြီး လက်အောက်ငယ်သားများပါ လိုက်ပါလုပ်ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။
- ခေါင်းဆောင်ငယ်များဖြစ်သဖြင့် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ဘာသာရေး၊ လူမှုရေး အဆုံးအမများနှင့်အညီ ကျင့်ကြံနေထိုင်သွားရမှာဖြစ်သည့်အပြင် သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်မွေးပြီး လေးစားတန်ဖိုးထားရမည်ဖြစ်ကြောင်း။
- မိမိတို့မြန်မာလူမျိုးများသည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားရေးလက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်သဖြင့် အမျိုးသားရေးလက္ခဏာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်လိုကြောင်း။
- နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီးကြောင်း၊ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုထိပါက မချိအောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမည်ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း။
- အောင်မြင်သည့်ခေါင်းဆောင်မှုဆိုသည်မှာ ငယ်သားများအနေဖြင့် ခေါင်းဆောင်လုပ်သူ၏ လိုလားချက်တာဝန်များအပေါ် ၎င်းတို့၏သဘောဆန္ဒအလျောက် တစ်စိတ်တစ်ဝမ်းတည်း အတူတကွအားလုံးလိုက်ပါလုပ်ဆောင်ကြခြင်းပင်ဖြစ်ကြောင်း။
- မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ်သည့်နေရာတွင် ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ ကျောသားရင်သားမခွဲခြားဘဲ မျှတမှန်ကန်စွာ ခေါင်းဆောင်ခြင်းများလိုအပ်သည့်အပြင် မိမိကိုယ်ကိုစံနမူနာပြဖြစ်အောင်နေထိုင်ကျင့်ကြံရမည်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ်တို့ကို မျှတစွာပေါင်းစပ်အသုံးချပြီး လက်အောက်ငယ်သားများ၏ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရယူရန်လိုကြောင်း။
- အဖွဲ့အစည်းတစ်ခု ခိုင်မာအားကောင်းပြီး မယိုင်မလဲရပ်တည်သွားနိုင်ရန်အတွက် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေးခိုင်မာအားကောင်းရန်လည်းလိုကြောင်း။
- စည်းရုံးရေးစွမ်းရည်ကောင်းမွန်ပါက အုပ်ချုပ်ရေးစွမ်းရည်နှင့် စစ်ရေးစွမ်းရည်ပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။
- ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာသာမက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Informa–tion and Communications Technology–ICT)များ အရှိန်အဟုန်နှင့် လျင်မြန်စွာတိုးတက်လာသည့်အတွက် စစ်မှုရေးရာများတွင်လည်း ပြောင်းလဲလာခဲ့သည့်အတွက် တိုးတက်လာသည့် နည်းပညာများကို မှန်ကန်စွာ အသုံးချနိုင်ရန်လိုကြောင်း။





- ဖွံ့ဖြိုးတိုးတက်လာသည့် ဆက်သွယ်ရေးကွန်ရက်များတွင် သတင်းအချက်အလက်များ များပြားလာမှုကြောင့် သတင်းမှား၊ သတင်းတုများကို တပ်မတော်သားများအနေဖြင့် အသိတရားလက်ကိုင်ထားပြီး ခွဲခြမ်းစိတ်ဖြာတတ်ရန်လိုအပ်ကြောင်း။
- လွတ်လပ်ရေးရပြီးစကာလတွင်လည်း နိုင်ငံရေးပါတီများသည် ၎င်းတို့၏ အာဏာလွန်ဆွဲပွဲတွင် အနိုင်ရရှိရေးအတွက် တပ်မတော်ကိုအသုံးချရန် တပ်မတော်အတွင်း သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခဲ့သော်လည်း မရခဲ့သည့်အတွက် နောက်ဆုံးတွင် တပ်မတော်ကိုပြိုကွဲစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများကို အလေးထားလုပ်ဆောင်လာသည်ကို တွေ့ရှိရကြောင်း။
- တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြောင့်ဖြောင့်တန်းတန်းလျှောက်လှမ်းနိုင်ရေး ဒီမိုကရေစီရည်မှန်းချက်များအောင်မြင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသား အားလုံးကပင် မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်သောကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။
- တိုင်းရင်းသားပြည်သူလူထုဆန္ဒနှင့်အညီ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အနေဖြင့် လိုအပ်သည့်အခြေခံမှစ၍ တည်ဆောက်ပေးခဲ့သည်မှာ ဒီမိုကရေစီလမ်းကြောင်း အစိုးရနှစ်ဆက်တိုင် လျှောက်လှမ်းခဲ့ပြီးဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကာလများ၌ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်သည့် မဲမသမာမှုများသည် တိုင်းပြည်အတွက် အရုပ်ဆိုးအကျည်းတန်ပြီး ရှက်ဖွယ်ကောင်းသည့်ဖြစ်စဉ်များဖြစ်သကဲ့သို့ ပြည်သူပြည်သားအားလုံးနှင့် နိုင်ငံတော်အပေါ်၌လည်း ထိခိုက်နစ်နာမှုများရှိခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။
- မဲမသမာမှုများမှတစ်ဆင့် ပေါ်ပေါက်လာသည့် CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်စည်းရုံးမှုကြောင့် အချို့သောသူများသည် အသိဉာဏ်ပညာများပျောက်ကွယ်သွားရလောက်သည်အထိ ဝါဒမှိုင်းမိနေကြပြီး ပညာမဲ့လူများ၏ လှုံ့ဆော်မှုနောက်သို့ မျက်ကန်းလမ်းလျှောက်သဖွယ် အကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်နေကြခြင်းသည် ၎င်းတို့၏အနာဂတ်ကို ကိုယ်တိုင်တစ်စစီချေဖျက်နေခြင်းပင်ဖြစ်ကြောင်း။
- အကြမ်းဖက်အဖွဲ့အစည်းများသည် စာသင်ကျောင်းများ၊ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများ မီးရှို့ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုများကို နှောင့်ယှက်ဟန့်တားခြင်း၊ လုံခြုံရေးတပ်ဖွဲ့များအား ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခြင်းသည် တိုင်းပြည်ဖျက်နေခြင်းဖြစ်သဖြင့် ပြည်သူလူထုက အကြမ်း





ဖက်လုပ်ရပ်အဖြစ် နားလည်လက်ခံကြသော်လည်း ပြည်တွင်းမှအစွန်းရောက်သူအချို့နှင့် အချို့နိုင်ငံများက မျက်ကွယ်ပြုပြီး အားပေးအားမြှောက် ပြုလုပ်နေကြကြောင်း။

- ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒနှင့်အညီ ဆောင်ရွက်ရသည်ဆိုသော်လည်း အများဆန္ဒသည် စစ်မှန်ပြီးရိုးသားသည့်နိုင်ငံရေးဖြစ်ရန် လိုအပ်ကြောင်း၊ ရိုးသားမှုမရှိသည့်နိုင်ငံရေးသည် စစ်မှန်သည့်ဒီမိုကရေစီဟုပြောနိုင်ရန် ခဲယဉ်းသည်ကို သတိချပ်စေချင်ကြောင်း။
- မိမိတို့နိုင်ငံတော်သည် ပြည်သူများ၏ဆန္ဒနှင့်အညီရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေသည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခိုင်ခိုင်မာမာဖြစ်တည်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ် မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ကြောင်း။
- သင်ကြားပေးလိုက်သည့် အသိပညာအတတ်ပညာရပ်များကို မိမိတို့၏တွေးခေါ်မျှော်မြင်တတ်မှု၊ ကြိုးစားအားထုတ်မှုများနှင့်ပေါင်းစပ်ပြီး မိမိကိုယ်ကို အမြဲတိုးတက်မြင့်မားစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- ခေါင်းဆောင်တစ်ဦးတွင်ရှိရမည့် အရည်အသွေးများပြည့်ဝစေရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့်အညီ တိကျစွာလိုက်ပါလုပ်ဆောင်ပြီး လက်တွေ့နယ်ပယ် အတွေ့အကြုံများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း။
- နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရန်အတွက် ပေးအပ်လာမယ့်တာဝန်များအပေါ် တိတိကျကျလိုက်နာဆောင်ရွက်ပြီး မိမိတတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**

- နိုင်ငံတော်၏ ကြီးလေးသောကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည့်သူများဖြစ်သဖြင့် မိမိတို့၏ တာဝန်နှင့်လုပ်ငန်းအပေါ် ဂုဏ်ယူတတ်ကြရန် လိုအပ်သကဲ့သို့ ပေးအပ်လာမည့် ရည်မှန်းချက်တာဝန်များကို ကြိုးကြိုးကြပ်ကြပ်ကွပ်ကွပ်ကဲမှု အနည်းဆုံးနှင့် ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်သွားကြရန်။
- အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာနှင့် အခွန့်ရှည်ကြာစွာရပ်တည်နိုင်ရန်အတွက် မှန်ကန်သည့်မူဝါဒ၊ တိကျ ခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကြီးကြပ် ကွပ်ကဲမှုများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်မှုများရှိရမည်ဖြစ်။
- တပ်မတော်အနေဖြင့်လည်း စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းက စည်းကမ်းနှင့် အမိန့်နာခံမှုကောင်း သည့်တပ်မတော်ဖြစ်သဖြင့် နိုင်ငံအတွက် အခိုင်မာဆုံး Institution ဖြစ်ကြောင်း။
- မိမိတို့တပ်မတော်သည် စစ်ဘက်ဥပဒေများသာမက နယ်ဘက်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာ စစ်ပွဲဆိုင်ရာဥပဒေ များနှင့် ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement–ROE)ကိုလည်း တိကျစွာလိုက်နာကြရမှာဖြစ်ကြောင်း။
- အောင်မြင်သည့်ခေါင်းဆောင်မှုဆိုသည်မှာ ငယ်သားများအနေဖြင့် ခေါင်းဆောင်လုပ်သူ၏ လိုလားချက်တာဝန် များအပေါ် ၎င်းတို့၏သဘောဆန္ဒအလျောက် တစ်စိတ်တစ်ဝမ်းတည်း အတူတကွအားလုံးလိုက်ပါ လုပ်ဆောင် ကြခြင်းပင်ဖြစ်။
- စည်းရုံးရေးစွမ်းရည်ကောင်းမွန်ပါက အုပ်ချုပ်ရေးစွမ်းရည်နှင့် စစ်ရေးစွမ်းရည်ပါ တိုးတက်ကောင်းမွန်လာ မည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ပိုမိုကျစ်လျစ် ခိုင်မာအောင် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။
- တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြောင့်ဖြောင့် တန်းတန်းလျှောက်လှမ်းနိုင်ရေး ဒီမိုကရေစီရည်မှန်းချက်များ အောင်မြင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးပင်ဖြစ်။
- တိုင်းရင်းသားပြည်သူလူထုဆန္ဒနှင့်အညီ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော် အနေဖြင့် လိုအပ်သည့်အခြေခံမှစ၍ တည်ဆောက်ပေးခဲ့သည်မှာ ဒီမိုကရေစီလမ်းကြောင်း အစိုးရနှစ်ဆက်တိုင် လျှောက်လှမ်းခဲ့ပြီးဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကာလများ၌ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်သည့် မဲမသမာမှုများသည် တိုင်းပြည်အတွက် အရုပ်ဆိုးအကျည်းတန်ပြီး ရက်ဖွယ်ကောင်းသည့်ဖြစ်စဉ်များဖြစ် သကဲ့သို့ ပြည်သူပြည်သားအားလုံးနှင့် နိုင်ငံတော်အပေါ်၌လည်း ထိခိုက်နစ်နာမှုများရှိခဲ့သည်ကို တွေ့ကြရ မည်ဖြစ်ကြောင်း။
- ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒနှင့်အညီ ဆောင်ရွက်ရသည်ဆိုသော်လည်း အများဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့်နိုင်ငံရေးဖြစ်ရန် လိုအပ်ကြောင်း၊ ရိုးသားမှုမရှိသည့်နိုင်ငံရေးသည် စစ်မှန်သည့် ဒီမိုကရေစီဟု ပြောနိုင်ရန် ခဲယဉ်းသည်ကို သတိချပ်စေချင်ကြောင်း။
- နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ် မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုး သားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)မှ ဆုရဗိုလ်လောင်းများအား ဆုချီးမြှင့်ပေးအပ်နေမှု



လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၇၂
ဗိုလ်လောင်း အောင်နန္ဒ



စာပေထူးချွန်(ဝိဇ္ဇာ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၅၈၉
ဗိုလ်လောင်း တေဇ



အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၅၀၁ ဗိုလ်လောင်း ဖြိုးမင်း



စာပေထူးချွန်(ကွန်ပျူတာ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၁၉
ဗိုလ်လောင်း အာကာဇော်ဝင်း



စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၁၀
ဗိုလ်လောင်း ဟိန်းဘိုဘိုအောင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၇ ရက်တွင် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၊ ပြင်ဦးလွင်ဘူတာနှင့် ကန်တော်ကြီးဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)မှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- မြန်မာနိုင်ငံအတွက် အဓိကလိုအပ်သည့် ဆေးဝါးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးများအား သုတေသနပြု၍ ပြည့်မီစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။
- အရည်အသွေးပြည့်မီသော ကုန်ကြမ်းများအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။
- မိမိတို့နိုင်ငံတွင်း အဖြစ်များဆုံးရောဂါများကို သုတေသနပြု၍ လိုအပ်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ပြည်သူများအတွက် အဓိကအထောက်အကူပြုအကျိုးပြုသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလအတွင်း လူ့အသက်ထက်အရေးကြီးသည်မှာ မရှိဟူသော မူဝါဒအတိုင်း လိုအပ်သည့်ဆေးဝါးများကို ပြည်ပနိုင်ငံများမှ တင်သွင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ချိန်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း၌ လိုအပ်သည့်အခြေခံဆေးဝါးများကို ပြည့်မီအောင် ထုတ်လုပ်ရန် ပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိဆေးပြား၊ ဆေးတောင့်ထုတ်လုပ်ရေးဌာန၊ ကုန်ကြမ်း၊ ကုန်ချောထိန်းသိမ်းရေးဌာနတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများလိုက်လံရှင်းလင်းတင်ပြခဲ့ပြီး ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- မန္တလေး-ပြင်ဦးလွင်-နောင်ချိုရထားလမ်းများအား ရထားများအဆင်ပြေချောမွေ့စွာ ဖြင့်ပြေးဆွဲ၍ ရထားမောင်းချိန်များလျှော့ချနိုင်ရေးအတွက် ရထားလမ်းများအဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းများအား စနစ်တကျထိန်းသိမ်းခြင်းများဆောင်ရွက်နေရန်နှင့် ခရီးသွားများအဆင်ပြေစေရေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆေးဝါးများထုတ်လုပ်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

အတွက် ရထားလမ်းပလက်ဖောင်းများအား တိုးချဲ့ဆောက်လုပ်ရန်လိုကြောင်း။

- ပြင်ဦးလွင်ဘူတာရုံအဆောက်အဦသည် ရှေးဟောင်းအဆောက်အဦဖြစ်သဖြင့် ရှေးမူမပြတ်ထိန်းသိမ်း၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကန်တော်ကြီးရေလှောင်ကန်ရေရှည်တည်တံ့စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးရေလှောင်ကန်တည်တံ့စေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်များအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါကန်တော်ကြီး ရေလှောင်ကန်တွင်း ရေဝင်ရောက်မှုများနည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခုနှစ် စက်တင်ဘာလအတွင်း ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးစဉ်တွင် ကန်တော်ကြီးရေလှောင်ကန်၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေးအတွက် လမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများမှ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်ကာလတူတွင် ရေလှောင်ကန်အတွင်းရေအမှတ် ၁၁ ပေသာရှိခဲ့ရာမှ ယခုအခါတွင် ၁၉ ဒသမ ၄ ပေသို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**

- **အရည်အသွေးပြည့်မီသော ကုန်ကြမ်းများအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။**
- **မိမိတို့နိုင်ငံတွင်း အဖြစ်များဆုံးရောဂါများကို သုတေသနပြု၍ လိုအပ်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ပြည်သူများအတွက် အဓိကအထောက်အကူပြုအကျိုးပြုသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်။**
- **ပြင်ဦးလွင်ဘူတာရုံအဆောက်အဦသည် ရှေးဟောင်းအဆောက်အဦဖြစ်သဖြင့် ရှေးမူမပြတ်ထိန်းသိမ်း၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်လို။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာတွင်
လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ကန်တော်ကြီးရေလှောင်ကန်ရေရှည်တည်တံ့စေရေး အဆင့်အလိုက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို
ကြည့်ရှုစစ်ဆေးနေမှု

- ကန်တော်ကြီးရေလှောင်ကန်တွင်း ရေဝင်ရောက်မှုများ နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခုနှစ် စက်တင်ဘာလအတွင်း ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးစဉ်တွင် ကန်တော်ကြီးရေလှောင်ကန် ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေး အတွက် လမ်းညွှန်မှာကြားချက်အရ ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်ကာလတူတွင် ရေလှောင်ကန်အတွင်းရေအမှတ် ၁၁ ပေသာရှိခဲ့ရာမှ ယခုအခါတွင် ၁၉ ဒသမ ၄ ပေသို့ ရောက်ရှိခဲ့။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို တရုတ်နိုင်ငံက ဦးဆောင်၍ ဘေဂျင်းမြို့၌ ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ဝန်ကြီးများနှင့် ကမ္ဘာ့ကုလသမဂ္ဂ Under Secretary General H.E. Liu Zhenmin တို့က အဖွင့်အမှာစကားပြောကြားကာ ဖိုရမ်ကို ဖွင့်လှစ်ပေးပြီးနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ-

- ယခုဖိုရမ်သည် အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် မဲခေါင်-လန်ချန်းမြစ်ဝှမ်း ဒေသနိုင်ငံများ၏အတွေ့အကြုံနှင့် ဗဟုသုတများကိုမျှဝေရန်၊ အလားအလာရှိသော ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးရန်အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထားသည်ဖြစ်၍ ရေအရင်းအမြစ်စီမံခန့်ခွဲမှုသည် မိမိတို့နိုင်ငံသားများ၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းမှုအတွက် လွန်စွာအရေးပါကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုတွင်သာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ကြောင်း။
- လက်ရှိကာလတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ရေကြီးမည့်ကြိုတင်သတိပေးစနစ်အား အထောက်အကူပြုသည့် မိုးရေချိန်တိုင်းကိရိယာများတပ်ဆင်ခြင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။
- တရုတ်နိုင်ငံက ရေအရင်းအမြစ်စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ကူညီမှုများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း။

ဖိုရမ်၏ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများတွင် နယ်စပ်ဖြတ်ကျော်မြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်မျှဝေမှု၊ မဲခေါင်-လန်ချန်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု လူငယ်ဆွေးနွေးပွဲ၊ ရေအရင်းအမြစ်ထိန်းသိမ်းမှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှု၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှု၊ ကျေးလက်ဒေသရေထိန်းသိမ်းမှုနှင့် လူနေမှုအဆင့်အတန်းမြင့်တင်မှု၊ စဉ်ဆက်မပြတ်ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့် စွမ်းအင်ဖူလုံမှုစသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်တွင် ကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မဲခေါင်-လန်ချန်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုပူးတွဲလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ သုတေသနပညာရှင်များအပါအဝင် စုစုပေါင်းကိုယ်စားလှယ်(၅၀၀) ကျော်တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် ရေနှင့်ဆက်နွယ်သည့်ဝန်ကြီးဌာန(၈)ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**

- **မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှုတွင်သာမက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ကြောင်း။**
- **လက်ရှိကာလတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ရေကြီးမည့်ကြိုတင်သတိပေးစနစ်အား အထောက်အကူပြုသည့် မိုးရေချိန်တိုင်းကိရိယာများတပ်ဆင်ခြင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း။**
- **တရုတ်နိုင်ငံက ရေအရင်းအမြစ်စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ကူညီမှုများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း။**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**ခိုလမ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၉,၂၂၈ ဦးအားလည်းကောင်း၊ ပထမအကြိမ်

အဖြစ် ပြည်သူစုစုပေါင်း ၁၄၅,၃၄၆ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၂၇,၅၆၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၈,၀၁၂ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၇ ရက်အထိ စုစုပေါင်း ၁,၃၇၂,၁၅၇ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- ဒီဇင်ဘာလ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁ ခုမှ ယာဉ် ၂ စီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၄၀၀၀နှင့် နှာခေါင်းစည်း(Mask) ၁၆ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၇ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၇,၇၂၆ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၇ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၂.၀၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၇-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၇၁၅,၉၂၇ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၅,၀၀၅ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၅၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**



**မွန်ပြည်နယ်၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**



**နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ အောက်ဆီဂျင်များအား မော်တော်ယာဉ်များဖြင့် တင်သွင်းနေမှု**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၉,၂၂၈ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၄၅,၃၄၆ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၃၇၂,၁၅၇ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **၇-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၇၁၅,၉၂၇ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၅,၀၀၅ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၅၂ ဦးဖြစ်ပြီး ၇-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၂.၀၇ ရာခိုင်နှုန်းရှိ။**

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်း၏ ဆောင်ရွက်ချက်များအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပါသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းသည်-

- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လရောင်တောစီမံကိန်းတွင် အသုံးပြုရန်အတွက် ကျွန်းသစ်လုံး၊ ကျွန်းခွဲသား၊ ပျဉ်းကတိုး၊ ပိတောက်သစ် စုစုပေါင်း ၁၇၂ ဒသမ ၀၇၆၄ တန်ကို ရောင်းချပေးရန် နှစ်ကြိမ်လျှောက်ထားမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါစနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ ၎င်း၏ဆုံးဖြတ်ချက်ဖြင့်သာ ရောင်းချပေးရန် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးထံ ညွှန်ကြားခဲ့ကြောင်း။
- စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးတွေ့ရှိချက်အရ မြန်မာ့သစ်လုပ်ငန်းက ရောင်းချထားသည့် ဈေးနှုန်းနှင့် တင်ဒါအောင်ဈေးနှုန်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းဦးစီးဌာနတို့၏ ဒေသပေါက်ဈေးနှင့် နှိုင်းယှဉ်တွက်ချက်မှုများအရ နိုင်ငံတော်အနေဖြင့် စုစုပေါင်းငွေကျပ်သန်း ၁၀၀ ကျော်ခန့် နစ်နာမှုရှိခဲ့ခြင်းကြောင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်၊ ဘုရားကုန်း မြို့မရဲစခန်းတွင် ၇-၁၂-၂၀၂၁ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**



**တရားခံ ဦးအုန်းဝင်း**

- **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအုန်းဝင်းသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လရောင်တောစီမံကိန်းတွင် အသုံးပြုရန်အတွက် ကျွန်းသစ်လုံး၊ ကျွန်းခွဲသား၊ ပျဉ်းကတိုး၊ ပိတောက်ခွဲများအား လျှောက်ထားဝယ်ယူခဲ့သည့်ကိစ္စတွင် နိုင်ငံတော်အနေဖြင့် စုစုပေါင်းငွေကျပ်သန်း ၁၀၀ ကျော်ခန့် နစ်နာမှုရှိခဲ့။**

## ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိများအား ထိခိုက်ဒဏ်ရာရရှိစေရန်ရည်ရွယ်ချက်များဖြင့် အချို့နေရာများတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများကိုပါ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးလျက်ရှိပါသည်။

ဒီဇင်ဘာလ ၇ ရက်တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ CDF အကြမ်းဖက်သမားများက ကျောင်း၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာ၊ အရှေ့တောင်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှနေ၍ လက်နက်မျိုးစုံဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျောင်းလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ကန်ပက်လက်မြို့အနီးတစ်ဝိုက်တွင် လှုပ်ရှားနေသော CDF အကြမ်းဖက်သမားများသည် ကန်ပက်လက်မြို့ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာရုံးများအား မီးရှို့ဖျက်ဆီးခြင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား အကြိမ်ကြိမ်ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် ဝန်ထမ်းရိက္ခာဆန်များအား ဖျက်ဆီးယူဆောင်ခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ရယူပြီး မကြာခဏဆောင်ရွက်လျက်ရှိပါသည်။

ကန်ပတ်လက်မြို့မှ CDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းမြို့တွင် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ လုံခြုံမှုအား စိတ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း အနှောင့်အယှက်ဖြစ်စေရန်၊ အများပြည်သူနှင့်သက်ဆိုင်သော စာသင်ကျောင်းအဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးခြင်းဖြင့် ပြုလုပ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းအကြမ်းဖက်အဖွဲ့များအား အမြန်ဆုံးဖမ်းဆီးနိုင်၍ ထိရောက်ပြင်းထန်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေးကို လိုလားလျက်ရှိပါသည်။

ထိုသို့ စစ်ဘက်ပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပြည်သူလူထုပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**

- **CDF အမည်ခံအကြမ်းဖက်အဖွဲ့သည် ကန်ပက်လက်မြို့နယ်ရှိ စစ်ဘက်ပစ်မှတ်မဟုတ်သည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့ပစ်ခတ်မှုများ ပြုလုပ်ခဲ့။**

---

## စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၌ ဆေးရုံသုံးဆေးပစ္စည်းများ ထုတ်ယူရန် ဆေးရုံဝန်ထမ်းများလိုက်ပါထွက်ခွာလာသည့်မော်တော်ယာဉ်အား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်

ဒီဇင်ဘာလ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံဝန်ထမ်းများဖြစ်သည့် ဒေါ်ခိုင်ခိုင်ထွေး(၄၈)နှစ်၊ မထိပ်တင်ထွေး(၂၅)နှစ်၊ ကျော်ဇင်ဖြိုး(၁၉)နှစ်၊ ဦးဇော်မင်းသန်း(၅၂)နှစ်တို့ (၄)ဦးသည် ဆေးရုံသုံးဆေးပစ္စည်းများ ထုတ်ယူရန်အတွက် မုံရွာမြို့သို့ Super Custom ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကျီးပင်ချောင်ကျေးရွာအနီးသို့အရောက် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လက်လုပ်မိုင်းထောင်၍ ဖောက်ခွဲတိုက်ခိုက်ခဲ့ပါသည်။

၎င်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်၏ ဝဲ/ယာမှန်များနှင့် ဆီတိုင်ကီတို့ မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ဒေါ်ခိုင်ခိုင်ထွေးတွင် နဖူးပေါက်ပြဲဒဏ်ရာ ၁ ချက်၊ မထိပ်တင်ထွေးတွင် နောက်ကျောပွန်းပဲ့ဒဏ်ရာ ၁ ချက်၊ ကျော်ဇင်ဖြိုးတွင် ဝဲ/ယာလက်ဖျံ

ပွန်းပဲ့ဒဏ်ရာ ၂ ချက်၊ ဦးဇော်မင်းသန်းတွင် ဝဲနားရွက်စုတ်ပြဲဒဏ်ရာ၊ ဝဲနားထင်/ ဝဲချိုစောင်း ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။

အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသည် စစ်ဘက်ပစ်မှတ်မဟုတ်သည့် အများပြည်သူပိုင် ဆေးရုံ/ဆေးခန်းများ၊ ရုံးဌာနအဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ လိုက်ပါလာသည့် မော်တော်ယာဉ်များကိုပါ မိုင်းထောင်ဖောက်ခွဲခြင်းများပြုလာသည့်အတွက် ပြည်သူလူထုအနေဖြင့် ကြောက်ရွံ့ ရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် လိုလားလျက်ရှိပါသည်။

ထိုကဲ့သို့ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်နေသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များအညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**



**ဦးဇော်မင်းသန်း ကျော်ဇင်ဖြိုး မထိပ်တင်ထွေး ဒေါ်ခိုင်ခိုင်ထွေး**

**အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆေးရုံဝန်ထမ်းများ**

- **အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသည် စစ်ဘက်ပစ်မှတ်မဟုတ်သည့် အများပြည်သူပိုင်ဆေးရုံ/ဆေးခန်းများ၊ ရုံးဌာနအဆောက်အဦများ၊ ယာဉ်များအား မိုင်းထောင်ဖောက်ခွဲခြင်းကြောင့် ဆေးရုံဝန်ထမ်းစုစုပေါင်း ၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့။**

## ချမ်းမြသာစည်မြို့နယ်အတွင်း အကြမ်းဖက်သူများက လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်မှုကြောင့် အသက် ၅ နှစ်အရွယ် အပြစ်မဲ့မိန်းကလေးငယ် ၁ ဦး သေဆုံး

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်အတွင်း အကြမ်းဖက်သမားများ၏ လက်ပစ်ဗုံးပစ်ပေါက်မှုကြောင့် အသက် ၅ နှစ်အရွယ် အပြစ်မဲ့မိန်းကလေးငယ် ၁ ဦး သေဆုံးခဲ့ရပါသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၀ လမ်း၊ ၄၅ × ၄၆ လမ်းကြားရှိ အောင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သမားများက ဆိုင်ကယ် ၂ စီးဖြင့် လာရောက်၍ လက်ပစ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပါသည်။ အဆိုပါ လက်ပစ်ဗုံး ၂ လုံးသည် ၁၁၀ လမ်းဘေးရှိ ကွမ်းယာဆိုင်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ကွမ်းယာဆိုင်အတွင်းရှိ အသက် ၅ နှစ်အရွယ် မိန်းကလေးငယ် ၁ ဦးတွင် ဗုံးစထိမှန်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့သော်လည်း ရရှိဒဏ်ရာများကြောင့် သေဆုံးခဲ့ပါသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူများနေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များအတွင်း လက်

ပစ်ဗုံးဖောက်ခွဲခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ NUG/ PDF အကြမ်းဖက်အဖွဲ့များ၏ အုပ်ချုပ်ရေးမှူးရုံးအား လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ၅ နှစ်အရွယ် ကလေးငယ် ၁ ဦး သေဆုံးခဲ့ရသည့်ဖြစ်စဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသကဲ့သို့ သတင်းတု/ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိပါသည်။ NUG/ PDF အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့၏ ရိုင်းစိုင်းယုတ်မာရက်စက်သော လုပ်ရပ်များအား နိုင်ငံတကာက မသိရှိစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင် အမြင်လွဲမှားစေရန် မကြာခဏသတင်းအမှားများ ထုတ်ပြန်လျက်ရှိပါသည်။

အသက် ၅ နှစ်အရွယ် အပြစ်မဲ့မိန်းကလေးငယ် ၁ ဦး သေဆုံးသည်အထိ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ခဲ့သူများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေမှုများဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဒေသခံပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**



**အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှုကြောင့် ဗုံးစထိမှန်သေဆုံးခဲ့သည့် အပြစ်မဲ့မိန်းကလေးငယ်**

- **မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သမားများက လက်ပစ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ခဲ့။**
- **လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် အသက် ၅ နှစ်အရွယ် အပြစ်မဲ့မိန်းကလေးငယ် ၁ ဦးတွင် ဗုံးစထိမှန်ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့ပြီးသေဆုံးခဲ့။**

## ရပ်ရွာအေးချမ်းသာယာရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရဲကင်းစခန်းများအား အကြမ်းဖက်သူများက လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

CRPH နှင့် NUG အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်းကာ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအားလုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမြို့နယ်များအလိုက် အများပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ကျေးရွာ၊ ရဲကင်းစခန်း၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်

လျက်ရှိစဉ် အကြမ်းဖက်သမားများက ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး ရဲကင်းစခန်းဘေးရှိ ထရန်စဖော်မာအနီးမှ ရဲကင်းစခန်းအား လက်လုပ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့သဖြင့် အကြမ်းဖက်သမားများ ဒလမြို့နယ်ဘက်သို့ ထွက်ပြေးသွားခဲ့ပါသည်။ အခင်းဖြစ်ပွားရာနေရာမှ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁ စီး၊ ကျည်ခွံများနှင့်အတူ ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် အမျိုးသား ၁ ဦးအား တွေ့ရှိခဲ့ရပြီး ထပ်မံစစ်ဆေးချက်အရ သေဆုံးသူအမျိုးသားမှာ ဒေသခံမဟုတ်ဘဲ မျက်နှာစိမ်းတစ်ဦးဖြစ်ကြောင်း သိရှိရပါသည်။

အလားတူ ဒီဇင်ဘာလ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ ကံကောင်းရဲကင်းစခန်းအား အကြမ်းဖက်သမားများက လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် လာရောက်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့ပါသည်။

ယခုဖြစ်စဉ်များတွင် PDF အကြမ်းဖက်သမားများသည် ရပ်ရွာတည်ငြိမ်အေးချမ်းရေးပျက်စီးစေရန်နှင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များတွင် ၎င်းတို့၏အစွန်းရောက်လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေရန်ရည်ရွယ်၍ အကြမ်းဖက်မှုနှိမ်နင်းရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသတ်ဖြတ်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက PDF အဖွဲ့များ၏အစွန်းရောက်အကြမ်းဖက်လုပ်ရပ်နှိမ်နင်းရေးနှင့် ပြည်သူများဘဝတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်ချက်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁၂-၂၀၂၁)**



**ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာရဲကင်းစခန်းအား အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်တွင် သေဆုံးခဲ့သည့် အမျိုးသားနှင့် သိမ်းဆည်းရမိ ဆိုင်ကယ်**

- **ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ကျေးရွာ၊ ရဲကင်းစခန်းအား PDF အကြမ်းဖက်သမားများက လက်လုပ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အခင်းဖြစ်ပွားရာနေရာမှ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁ စီး၊ ကျည်ခွံများနှင့်အတူ ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် အမျိုးသား ၁ ဦးအား တွေ့ရှိခဲ့။**
- **မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ၊ ကံကောင်းရဲကင်းစခန်းအား အကြမ်းဖက်သမားများက လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် လာရောက်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့။**